## ဆရာတော် ဦးကဝိနှင့်အနာဂါမ်ဒေါ်ငွေတုံတို့ တွေ့ဆုံခန်း

အနာဂါမ် ဒေါ်ငွေတုံက ကျော်ကြားနေသူ မင်းကွန်း ဆရာတော်၏ တပည့်မ တယောက်သည် မောင်ရင်ပေါ် ချောက်တွင် တရားပေါက်၍ ရဟန်းကိစ္စပြီးသော ပုဂ္ဂိုလ် တပါးရှိကြောင်း ကြားသိရသည်နှင့် ဟုတ်မဟုတ် စုံစမ်းလို သဖြင့် ဆရာတော်ဦးကဝိ သီတင်းသုံးနေရာမောင်ရင်ပေါ် ချောက်သို့ လာရောက်လေသည်။ဆရာတော်၏တပည့်များ သည် ဆရာတော်နှင့် ဒေါ်ငွေတုံတို့၏ အမေးအဖြေများကို ကြားနာလိုဇောနှင့်မောင်ရင်ပေါ်ချောက်ကျောင်းသို့လာ ရောက် စုရုံးနေကြ လေသည်။ ဆရာတော် ဦးကဝိ၏ ထံ မှောက်သို့ ဒေါ်ငွေတုံ မေးမြန်းလျှောက်ထားရန် ရောက်ရှိ လာသောအခါ ဆရာတော်ကပင်စတင်၍ ပရိတ်မှ မဂ်ကု သည်အထိ သဘာဝကျကျနှင့် အမိန့် ရှိတော်မူသည့်ပြင် ဒေါ်ငွေတုံ ဆက်လက် မေးလျှောက်မည့် တရားအချက် အလက်များကိုပါ တခုမကျန် ကြိုတင် ဖြေဆိုတော်မူလေ သည်။ ထိုအခါ ဒေါ်ငွေတုံက အရှင်ဘုရား၏ တရားကျင့် စဉ် လမ်းတလျှောက်လုံးတွင် **"သတိ"** ကို အဓိကထားခြင်း သည် သဘာဝကျလှပါသည်ဘုရားဟု လျှောက်ထားလျက် 'ဒါမှငါ့သား-ဒါမှငါ့သား' ဟုလက်ခမောင်းခတ်ခါထခုန် သည်နှင့် ဆရာတော်ဦးကဝိက "သား-တော်ချင်ရင်-ကျွဲမှ အမေတော်မှာ" ဟု ပြန်လည် အမိန့်ရှိတော် မူလေသည်။ ဒေါ်ငွေတုံသည် နောက်တနေ့ကျောင်းတွင်းရှိသံဃာတော်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

